## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီ အချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန် ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၆၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၂၇ – ၅ – ၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဂျေယောဝူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဝေစိန်အောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာ လင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ ဆွေးနွေးပွဲတက်ရောက်ရန်။ ဦးငွေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအေးမိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးစိုးရွှေ၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့်

ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက် ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးအပ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့တွင် ခရိုင်လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။**　။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့တွင် ခရိုင်လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။**　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့တွင် ခရိုင်လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကတော့ စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင် (၃)မြို့နယ်တွင် လူဦးရေ (၅၁၂၈၅၄)ဦးခန့်ရှိပါတယ်။ ၎င်းပြည်သူလူထုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

အကယ်၍ စစ်ကိုင်းခရိုင်အတွင်း လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ခွင့်ရရှိခဲ့ပါက ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ မူကြိုကျောင်းများ ဖွင့်လှစ်ခြင်း၊ ကလေးသူငယ်မှုခင်းများ ဆောင်ရွက်ပေးနိုင်ခြင်း၊ သက်ငယ်မုဒိမ်းမှုများတွင် ကလေးသူငယ်များအတွက် လိုက်ပါကူညီ ဆောင်ရွက်ပေးနိုင်ခြင်း၊ အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း၊ မသန်စွမ်းသူများကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော ကလေးများအား (၂)နှစ်အထိ ထောက်ပံ့ကြေး တစ်လ (၁၅၀၀၀)ကျပ် ပေးအပ်နိုင်ခြင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်သော အသက် (၈၅)နှစ်အထက်အဘိုးအဘွားများအား ထောက်ပံ့ကြေး တစ်လ (၁၀၀၀၀)ကျပ်ကို (၃)လတစ်ကြိမ် ပေးအပ်ရာတွင်ပါဝင်ဆောင်ရွက်ပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လျင်မြန်စွာ ကူညီစောင့်ရှောက်ပေးနိုင်ခြင်း စသည်တို့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါတယ်။ လူမှုရေးပြဿနာများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အထိရောက်ဆုံး ဆောင်ရွက်ပေးနိုင်ရန် စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့တွင် လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါတယ်။

အထက်ဖော်ပြပါကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်းရုံး ဖွင့်လှစ်မည်ဆိုပါက ယခင်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ထားတဲ့ မြေနေရာနဲ့ အဆောက်အဦဟာစစ်ကိုင်းမြို့ ထူပါရုံဘုရားလမ်း ဖိုးတန်းရပ်မှာ တည်ရှိပြီးဖြစ်ပါတယ်။ ၎င်းမြေနေရာနဲ့ အဆောက်အဦအား အသုံးပြုမှုမရှိဘဲ ပစ်ထားမယ့်အစား ခရိုင်ရုံးဖွင့်လှစ်ပါက စစ်ကိုင်း၊ မြင်းမူ၊ မြောင် ပြည်သူများအတွက် များစွာအကျိုးကျေးဇူး ဖြစ်ထွန်းစေမည်ဖြစ်ပါတယ်။ ဒါကြောင့် စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့တွင် ယခင်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ဖွင့်လှစ်ခဲ့တဲ့နေရာ၌ ခရိုင်လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၂။**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ ဆက်လက်ထားရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့မှာ ခရိုင် လူမှုဝန်ထမ်းရုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနရှိ ဦးစီးဌာနများမှ လက်ရှိအခြေအနေတွင် စစ်ကိုင်းခရိုင်၌ ဦးစီးဌာနများ၏ ခရိုင်ရုံး ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော်လည်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းပါ စစ်ကိုင်းခရိုင်အတွင်း၌ ကလေးသူငယ် စောင့်ရှောက်ရေး၊ အမျိုးသမီးစောင့်ရှောက်ရေး၊ မသန်စွမ်းသူများကာကွယ် စောင့်ရှောက်ရေးနဲ့ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း ရုံးမှ တိုင်းလူမှုဝန်ထမ်းဦးစီးမှူးနဲ့ ဝန်ထမ်းများက ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိတဲ့ အပြင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဇာတ်တိုက် လေ့ကျင့်မှုများ အရေးပေါ်လူရွှေ့ပြောင်းမှု လေ့ကျင့်ခန်းများနှင့် အသိပညာပေးလုပ်ငန်း များ သဘာဝဘေးသင့်ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်ထောက်ပံ့ရေးလုပ်ငန်းများ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေးနဲ့ ထောက်ပံ့ရေး လုပ်ငန်းများကို ဒေသအလိုက် ဖွဲ့စည်းထားတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး မုံရွာမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်လျက် ရှိပါတယ်။

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် ထူပါရုံလမ်းမှာရှိတဲ့ ယခင် စစ်ကိုင်းတိုင်းဒေသကြီး လူမှု ဝန်ထမ်းရုံး ဖွင့်လှစ်ခဲ့တဲ့မြေနေရာနဲ့ အဆောက်အဦဟာ လူမှုဝန်ထမ်းဦးစီးဌာနပိုင်ဖြစ်ပြီး လက်ရှိမှာ ၎င်းအဆောက်အဦများကို ဝန်ထမ်း(၃)ဦးနဲ့ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး လူမှုဝန်ထမ်းဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ခရိုင်ရုံး (၁၆)ရုံး ဖွင့်လှစ်ရန် လျာထားရာမှာ စစ်ကိုင်းခရိုင်ရုံးအပါအဝင်ဖြစ်ပြီး ဝန်ထမ်းသစ်ခန့်ထားရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ခွဲဝေရရှိပြီးဖြစ်တဲ့အတွက် စုစုပေါင်းရာထူး (၃၈၄)နေရာ တစ်နိုင်ငံလုံးမှာ ဝန်ထမ်းသစ်ခန့်ထားနိုင်ရန် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်လျက်ရှိတဲ့ အတွက် ခွင့်ပြုမိန့်ရရှိပါက စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းရုံးကို ယခုဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ပေးသွား မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၏ မြို့တည်နန်းတည် လေးမျက်နှာဘုရား ပုထိုးတော်ကြီးအတွင်းရှိ ကျောက်ဆင်းတုတော်ဘုရားများ ဖျက်ဆီးခံရခြင်းကို ဖော်ထုတ်ဖမ်းဆီးအရေးယူပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၏ မြို့တည်နန်းတည် လေးမျက်နှာဘုရား ပုထိုးတော်ကြီးအတွင်းရှိ ကျောက်ဆင်းတုတော်ဘုရားများ ဖျက်ဆီးခံရခြင်းကို ဖော်ထုတ်ဖမ်းဆီးအရေးယူပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၅။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်း မေးရခြင်းရဲ့ အကြောင်းရင်းကို ရှင်းလင်းတင်ပြပေးပါမယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြောက်ဦးမြို့ကို AD ၁၄၃၀ ပြည့်နှစ်မှာ ဘုရင်မင်းစောမွန် တည်ထားခဲ့ပါတယ်။ မြို့တည်တဲ့နှစ်မှာပဲ လေးမျက်နှာဘုရား ပုထိုးတော်ကြီးကိုလည်း တစ်ပြိုင်နက်တည်ခဲ့တဲ့အတွက်ကြောင့် အဆိုပါ ဘုရားပုထိုးတော်ကြီးကို မြို့တည်နန်းတည်ဘုရားလို့ ထင်ရှားပြီး လူသိများကြပါတယ်။

လေးမျက်နှာဘုရား ပုထိုးတော်ကြီးအတွင်းမှာရှိတဲ့ ကျောက်ဆင်းတု (၁၁)ဆူကို ၁၇-၁၀-၂၀၁၈ ရက်နေ့ ညဉ့်အချိန်မှာ မသမာသူတို့ရဲ့ ဖျက်ဆီးခြင်းကို ခံခဲ့ရပါတယ်။ ဘုရားနှစ်ဆူမှာ ရုပ်ပျက်ဆင်းပျက် ပျက်စီးသွားခဲ့ပါတယ်။ သမိုင်း တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ဘုရားများ ဖျက်ဆီးခံရခြင်းအပေါ် ဒေသခံပြည်သူတွေက အလွန်စိတ်မကောင်းစရာအဖြစ် ခံစားကြရပြီး အံ့သြတုန်လှုပ်ဖြစ်သွားရပါတယ်။ မြောက်ဦးမြို့ဒေသမှာ ဘုရားတည်ပြီးလို့

ဒီလိုဖျက်ဆီးခံရတာမျိုး ရှေးယခင်ကလည်း မရှိခဲ့သလောက်ဖြစ်ပါတယ်။ ယခုအခါမှာ မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို UNESCO အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ် World Heritage စာရင်းဝင်ဖြစ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။

ဒီလိုကြိုးပမ်းနေချိန်မျိုးမှာ မြို့တည်နန်းတည်ဘုရား ဖျက်ဆီးခံရခြင်းဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ပါဘူး။ နောက်ကွယ်က အကြောင်းတစ်စုံတစ်ရာရှိနိုင်တယ်လို့လည်း ဒေသခံများက စုံစမ်းနေကြပါတယ်။ ဒါကြောင့် ရှေးဟောင်းကျောက်ဆင်းတုတော်ဘုရားများ ဖျက်ဆီးခံရခြင်းအပေါ် သက်ဆိုင်ရာက ပေါ့ပေါ့တန်တန်သဘောမထားဘဲ စုံစမ်းဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုသာ အရေးမယူနိုင်လို့ရှိခဲ့ရင် နောင်ဒီထက်ဆိုးတဲ့ ဖြစ်စဉ်တွေ ဖြစ်ပေါ်လာနိုင်စရာ အကြောင်းရှိပါတယ်။ သို့ဖြစ်ပါ၍ မြောက်ဦးမြို့ မြို့တည်နန်းတည် လေးမျက်နှာဘုရားအတွင်းရှိ ကျောက်ဆင်းတုတော်ဘုရားများ ဖျက်ဆီးခံရခြင်းကို ဖော်ထုတ်အရေးယူနိုင်ခြင်း ရှိ/မရှိနှင့် သမိုင်းတန်ဖိုးမဖြတ်နိုင်တဲ့ ဘုရားများ ဆက်လက်ဖျက်ဆီးခြင်းမျိုး မဖြစ်ပေါ်ရအောင် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့မှ မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးသွားမည့် အစီအစဉ်ကို သိရှိလိုပါကြောင်း လေးစားစွာနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ရခိုင်ရှေးဟောင်း ယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ သာသနိကအဆောက်အအုံများရှိ နဝရူပဗျာလ်ရုပ်ထုများကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ လူသားမျိုးနွယ်တို့၏ နှုတ်မှုဆိုင်ရာ လက်ရာမွန်များနှင့် ဒြပ်မဲ့အမွေအနှစ်များအား လူသားမျိုးနွယ်ကို ကိုယ်စားပြုသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ရှေးဟောင်း ယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ သာသနိကအဆောက်အအုံများရှိ နဝရူပဗျာလ်ရုပ်ထုများကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ လူသားမျိုးနွယ်တို့၏ နှုတ်မှုဆိုင်ရာ လက်ရာမွန်များနှင့် ဒြပ်မဲ့အမွေအနှစ်များအား လူသားမျိုးနွယ်ကို ကိုယ်စားပြုသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ရှေးဟောင်း ယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ သာသနိက အဆောက်အအုံများရှိ နဝရူပဗျာလ် ရုပ်ထုများကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားမျိုးနွယ်တို့၏ နှုတ်မှုဆိုင်ရာ လက်ရာမွန်များနှင့် ဒြပ်မဲ့အမွေအနှစ်များအား လူသားမျိုးနွယ်ကို ကိုယ်စားပြုသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ (UNESCO)ဟာ ယဉ်ကျေးမှုမျိုးဖြစ်ခြင်းရဲ့ အဓိကအကြောင်းအရင်းအနေဖြင့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များရဲ့ အရေးပါမှု၊ ရေရှည်တိုးတက်ရေးကို အာမခံမှု၊ ၁၉၈၉ ခုနှစ် ရိုးရာ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ (UNESCO)၏ ထောက်ခံ အကြံပြုချက်၊ ၂၀၀၁ ခုနှစ် ယဉ်ကျေးမှုများ အမျိုးမျိုး ဖြစ်ခြင်းဆိုင်ရာ (UNESCO) ကမ္ဘာလုံးဆိုင်ရာ ကြေညာချက်၊ တတိယအကြိမ် ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၏ ဆွေးနွေးပွဲမှ အတည်ပြု လက်ခံ ခဲ့သော ၂၀၀၂ ခုနှစ် Instanbul ကြေညာချက်တို့ကို သုံးသပ်ပြီး ၂၀၀၃ ခုနှစ်ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများအား ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်း ၂၀၀၃ ကို ၁၇-၁၀-၂၀၀၃ ရက် နေ့မှာ အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ နိုင်ငံပေါင်း (၁၇၅)နိုင်ငံပါဝင်ပြီး ရည်ရွယ်ချက် (၄)ခု ချမှတ်ခဲ့ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း အောက်ပါအတိုင်း ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။

(က) ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကား၊ (ခ)ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ (ဂ)လူမှုရေးအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့နှင့် ပျော်ပွဲများ၊ (ဃ)သဘာဝနှင့် စကြဝဠာဆိုင်ရာဗဟုသုတနှင့် ရိုးရာအစဉ်အလာဓလေ့များနဲ့ (င) ရိုးရာလက်မှုပညာရပ်တို့ ပါဝင်ပါတယ်။ ဗွီဒီယိုဖိုင်နှင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံများဟာ မိမိနိုင်ငံ မိမိ လူမျိုးတို့ရဲ့ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် စပ်လျဉ်းတဲ့ အကျိုးပြုသင်္ကေတ၊ အမှတ်တံဆိပ် ရုပ်တုများကို ရွေးချယ်ပြီး လူ့အဖွဲ့အစည်းကို သရုပ်ဖော်ခဲ့ကြပါတယ်။ ထိုနည်းတူ ရှေးရခိုင်ပညာ ရှိများဟာ သတ္တဝါ (၉)မျိုးရဲ့ အစွမ်းသတ္တိထက်မြက်ရာ အစိတ်အပိုင်း (၉)ခုကို ယူပြီး နဝရူပဗျာလ် ရုပ်ထုကို စိတ်ကူးနဲ့ ပုံဖော်ပေါင်းစပ်ထုလုပ်ခဲ့ကြပါတယ်။

အချိန်ကာလကတော့ AD ၃၂၇-၇၉၄ ဝေသာလီခေတ်မှာ အစပြုခဲ့ပါတယ်။ ဗျာလ်မှာ ပါဝင်တဲ့ ရူပလက္ခဏာအင်္ဂါများကတော့ (၁) ကျားစွယ်၊ (၂) သမင်မျက်လုံး၊ (၃)ကြံ့ချို၊ (၄)ကြက်တူရွေး လျှာ၊ (၅) ခြင်္သေ့လည်ဆံ သို့မဟုတ် ကရက်ဝိတ်ငှက်လည်ဆံ၊ (၆)မြင်းနားရွက် သို့မဟုတ် ဆင် နားရွက်၊ (၇)ငါးကြင်းကွက်အကြေးခွံ သို့မဟုတ် တိုးကိုယ်၊ (၈)စာမရီအမြီး သို့မဟုတ် ဒေါင်းမြီး၊ (၉) ဆင်နှာမောင်း သို့မဟုတ် နဂါးအမောက်တို့ ဖြစ်ကြပါတယ်။ ဒါဟာ အမြဲပြုံးလျက် ဣသာမစ္ဆိယ ဒေါသမာန်မာနကို ကင်းရှင်းစေပါတယ်။ ကောင်းသောစေတနာရှိခြင်း၊ သဒ္ဓါတရားပွားများခြင်း၊ မေတ္တာတရားထွန်းကားခြင်းစတဲ့ မင်္ဂလာရှိခြင်းတို့ကို ဖော်ကျူးနေခြင်းဖြစ်ပါတယ်။ ဆန်ရေစပါး

ပေါကြွယ်ဝခြင်း၊ စီးပွားဥစ္စာ တိုးပွားခြင်း၊ တိုင်းပြည် ငြိမ်းချမ်းသာယာခြင်းစတဲ့ ရည်ရွယ်ချက်တွေနဲ့ ရှေးရခိုင်ပညာရှိများဟာ ဒီပုံကိုဖန်တီးထုလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ မြောက်ဦးခေတ်မှာ ဗျာလ်ရုပ်ထု သုံးစွဲမှု ပိုမိုမြင့်မားလာခဲ့ပြီး သာသနိကအဆောက်အအုံများရဲ့ လိုဏ်ဂူတော်နံရံများ မုခ်တံကဲတိုင်များ၊ ဓာတ်နိပါတ်တော် ရုပ်လုံးရုပ်ကြွများရဲ့ အခန်းဆက်များ၊ ရာဇပလ္လင် မုခ်တံကဲများနှင့် ဘုရားပလ္လင်များမှာ အများဆုံး ထုလုပ်သုံးစွဲခဲ့တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမျိုးတစ်မျိုးစီရဲ့ မြတ်နိုးတန်ဖိုးထားအပ်တဲ့ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု၊ အတတ်ပညာဆိုင်ရာ ယဉ်ကျေးမှုများဟာ ၎င်းတို့ရဲ့ ဇာတိဂုဏ်ကို ဖော်ပြနေခြင်းဖြစ်ပါတယ်။ ယဉ်ကျေးမှုဟာ လူသားတို့ရဲ့ ဖြစ်တည်မှုနဲ့ ရှင်သန်ရပ်တည်မှုအတွက် လွန်စွာအရေးကြီးပါတယ်။ ယနေ့ ကမ္ဘာကြီးမှာ လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများ၊ ဒြပ်မဲ့ အမွေအနှစ်များ ပျက်စီးခြင်း၊ ပျောက်ကွယ်ခြင်း၊ ဖျက်ဆီးခံရခြင်း စတဲ့ ခြိမ်းခြောက်မှုများ မြင့်တက်နေကြောင်း ကြားသိနေရပါတယ်။ မြန်မာနိုင်ငံဟာ လူမျိုးစုံနေထိုင်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝပါတယ်။ ရှိနှင့်နေပြီးတဲ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို မပျက်စီး မဆုံးရှုံးရအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

AD 1676 ခုနှစ် မြောက်ဦးမြို့ မြင်ကွင်းပုံ (၀)




ဗျာလ်ပုံ၏ မြင်ကွင်းပုံ (၀-၁)



သျှစ်သောင်းပုထိုးတော်ကြီး ဇာတ်တော်ထဲမှ ဗျာလ်ပုံများ၏ မြင်ကွင်းပုံ (၀-၂)



**ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၏ ရှေးဟောင်းအဆောက်အအုံဖြစ်သည့် မြို့ရိုးနှင့်ကျုံးကို ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်က ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၏ ရှေးဟောင်းအဆောက်အအုံဖြစ်သည့် မြို့ရိုးနှင့်ကျုံးကို ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ဖြင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရဲ့ ရှေးဟောင်းအဆောက်အအုံဖြစ်တဲ့ မြို့ရိုးနဲ့ကျုံးကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ်နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့သည် ရှေးဟောင်းမြို့တော်ဖြစ်ပြီး (၁၂)ရာစုကတည်းက စည်ကားတဲ့ မြို့ပြတစ်ခုဖြစ်ပါတယ်။ အေဒီ (၁၂၅၃)မှစပြီး နောက်ဆုံး စော်ဘွား (၁၉၆၂)ခုနှစ်အထိ စော်ဘွားဆက် (၄၀)အုပ်ချုပ်သွားခဲ့ကြောင်း သိရှိရပါတယ်။ ထိုစဉ်အခါက ပြည်ပမှ ကျူးကျော်စစ်များ အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခြင်းခံရပါတယ်။ ဒါကြောင့် ပြည်ပရန်

များကို ကာကွယ်နိုင်ရန်အတွက် မြို့ရိုး၊ ကျုံးနှင့် ခံတပ်များကို (၁၃၆၀)ပြည့်နှစ်ကတည်းက စတင် တည်ဆောက်ထားခဲ့ကြောင်း ရာဇဝင်မှတ်တမ်းများအရ သိရှိရပါတယ်။

ယခု လက်ရှိမြင်တွေ့နေရတဲ့ မြို့ရိုးနှင့်ကျုံးကိုတော့ (၁၈၀၂)ခုနှစ်မှာ နန်းတက်တဲ့ ဗော်ဘွား စဝ်မဟာခနန်မှ ထပ်မံပြင်ဆင်တည်ဆောက်ထားတဲ့ မြို့ရိုးဖြစ်ပါတယ်။ ၁၈၁၉ ခုနှစ်မှ ထပ်မံတိုးချဲ့ တည်ဆောက်ထားတဲ့အတွက်ကြောင့် ယခု ၂၀၀၉ ခုနှစ်မှာ အနှစ်(၂၀၀) ပြည့်ပြီဖြစ်ပါတယ်ခင်ဗျား။ ယခင် တည်ဆောက်စဉ်က မြို့ရိုးပတ်လည် (၄)မိုင်ကျော် ရှည်လျားပါတယ်။ တချို့နေရာမှာ မြို့ရိုးကိုဖြတ်ပြီးတော့ အဆောက်အအုံ ဆောက်လုပ်ထားပါတယ်။ တချို့နေရာမှာ ကျုံးကို မြေဖို့ ထားပါတယ်။ ဒါပေမဲ့ မြို့ရိုးနှင့်ကျုံး အစိတ်အပိုင်းများစွာ (၃)မိုင်ကျော်ခန့် နဂိုမူလအတိုင်း မပျက်မစီးဘဲ ကျန်ခဲ့ပါတယ်။

ယခင်တည်ဆောက်စဉ်က မြို့တံခါးပေါက် (၁၂)ပေါက်ရှိပါတယ်။ ယခုအခါ ပါလျှန်တံခါး ပေါက်တစ်ခုသာ နဂိုမူလအတိုင်း မပျက်မစီးဘဲ ကျန်ရှိပါတယ်။ တချို့လည်း ပြိုကျပြီး ပြန်လည် ပြင်ဆင်ထားပါတယ်။ မင်္ဂလာတံခါးနှင့် နောင်ပါတံခါးတို့ ဖြစ်ပါတယ်။ ကျန်တဲ့ တံခါးပေါက်နေရာ များလည်း မြို့လူထုမှ ဆက်လက်ထိန်းသိမ်းလိုပါသဖြင့် တံခါးပေါက်နေရာများတွင် မြို့တံခါး အမည်များနှင့် ဆိုင်းဘုတ်များ ချိတ်ထားပါတယ်။ ဒါပေမဲ့ ယခင်ကာလက အဆိုပါ မြို့ရိုးနှင့် ကျုံး တို့ကို ကာကွယ်ထိန်းသိမ်းခြင်း မပြုလုပ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် နေရာတော်တော်များများ မြို့ရိုး အနီးအနားနဲ့ မြို့ရိုးပေါ်မှာ လူများ ကျူးကျော်နေထိုင်လျက်ရှိပါတယ်။ ကျူးကျော်တဲ့ငယ်မှစပြီးတော့ နောက်ပိုင်း အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်နေထိုင်လာကြပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်းပဲ ယခု နေရာတော်တော်များများမှာ ဆက်လက် ကျူးကျော်နေထိုင်ဆဲ ဖြစ်ပါတယ်။ အသစ်ထပ်မံ ကျူးကျော်တာတွေလည်းရှိပါတယ်။ ကျုံးထဲမှာလည်း မြင်မကောင်းအောင် အမှိုက်သရိုက်များပစ်နေဆဲ ဖြစ်ပါတယ်ခင်ဗျား။

ဒါက မြို့ရိုးနှင့် ကျုံးခြောက်နေရာ ဖြစ်ပါတယ်ခင်ဗျား။ ဒါက ကြယ်ပွင့်ဘက်က မြို့ရိုး ဖြစ်ပါတယ်။ ကျုံးခြောက်ဖြစ်ပါတယ်။ ဒါက အပေါ်က ကျူးကျော်တဲ အဆောက်အအုံ ဖြစ်ပါတယ်။ ဒါက ကျုံးထဲကိုပစ်ထားတဲ့ အမှိုက်များဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျူးကျော်တဲများ ဖြစ်ပါတယ် ခင်ဗျား။ ဒါက လမ်းဘေးကနေပြီးတော့ ကျူးကျော်ထားတာဖြစ်ပါတယ်။ ဒါလည်း ကျူးကျော်တဲ ဖြစ်ပါတယ်။ အပင်လည်း စိုက်ထားပါတယ်။ ဒါကလည်း ကျူးကျော်တဲကနေ လမ်းဘေးအထိ ရောက်လာတာဖြစ်ပါတယ်။ ကျူးကျော်တဲ အခု နောက်ဆုံးရထားတဲ့ပုံ ဖြစ်ပါတယ်။ လမ်းဘေးအထိ ကျူးကျော်တဲ ရှိနေပါတယ်ခင်ဗျား။

အဆိုပါ မြို့ရိုးနှင့်ကျုံးဟာ နှစ်(၂၀၀)သက်တမ်းရှိတဲ့ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံ ဖြစ်ပါတယ်။ ပြီးတော့ မြို့ရဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခုလည်း ဖြစ်ပါတယ်။ ပြီးတော့ မြို့ရဲ့

သမိုင်းအထောက်အထားတစ်ခုလည်း ဖြစ်နေပါတယ်။ ပြီးတော့ မြို့ရဲ့ ပြယုဂ်တစ်ခုလည်းဖြစ်ခြင်းကြောင့် မြို့နယ်၏ မြေစာရင်း၊ မြေပုံမှာလည်း မြို့ရိုးအဖြစ်သာ အမည်ပေါက်နေသေးခြင်း စတဲ့အချက်များကြောင့် မြို့ရွာလူထုများမှ မိမိတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ မြို့ရိုးနှင့်ကျုံးကို ထပ်မံဖျက်ဆီးခြင်းမခံရလေအောင် ကာကွယ်ထိန်းသိမ်းလိုတဲ့ဆန္ဒ ရှိကြပါတယ်။

ဒါ့ကြောင့် ကျိုင်းတုံမြို့ရဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်တဲ့ မြို့ရိုးနှင့် ကျုံးကို ၂၀၁၉ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပါအတိုင်း ဆက်လက် ကာကွယ်ထိန်းသိမ်းနိုင်မည့် အစီအစဉ်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှေးဟောင်းမြို့တော် ကျိုင်းတုံမြို့၏ မြင်ကွင်းပုံ (သ)



ပါလျှန်တံခါး၏ မြင်ကွင်းပုံ (သ-၁)



မြေမြို့ရိုးနှင့် ကျုံးခြောက် မြင်ကွင်းပုံ (သ-၂)



**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၈။**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦးမေးမြန်းတဲ့မေးခွန်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကြည်မင်း က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရဲ့ မြို့တည်နန်းတည် လေးမျက်နှာဘုရားပုထိုးတော်ကြီး အတွင်းရှိ ကျောက်ဆင်းတုတော်ဘုရားများ ဖျက်ဆီးခံရခြင်းကိစ္စနှင့် ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မြောက်ဦးဌာနခွဲမှ မြောက်ဦးမြို့မရဲစခန်းတွင် ၁၈-၁၀-၂၀၁၈ ရက်နေ့ နေ့လယ် (၁၂ : ၃၀) အချိန် တိုင်တန်းချက်အရ မြောက်ဦးမြို့မ ရဲစခန်းမှ ပ၁၈၈/၁၈ ရာဇသတ်ကြီးပုဒ်မ ၂၉၅/၁၁၄ အရ အမှုဖွင့်ကာ အမှုအား လ/၂၂၄၆၁၀ ရဲအုပ်ဦးအောင်နိုင် မှ စစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်းနှင့် တရားခံဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် မြောက်ဦးဌာနခွဲတွင် ယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုကာကွယ်ထိန်းသိမ်းနိုင်ရေး အတွက် နေ့စား၊ ပုတ်ပြတ် အမျိုးသားဝန်ထမ်း (၈)ဦးခန့်အပ်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ နေ့၊ ညလုံခြုံရေးတာဝန်များကို ထပ်တိုး၍ တာဝန်များ ချထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ ဘိုးဘွားများ အစဉ်အဆက် လက်ခံကျင့်သုံးလာခဲ့ပြီး မိမိတို့ လက်ထက်တွင်လည်း ဆက်လက် လက်ခံကျင့်သုံးလျက်ရှိတဲ့ ရိုးရာအစဉ်အလာ အလေ့အထ ဖော်ပြချက်များ၊ အသိပညာများ၊ ကိုယ်စားပြုမှုများ၊ စွမ်းရည်များနှင့် ဆက်စပ်ပေါင်းစပ်လျက်ရှိသော ကိရိယာ တန်ဆာပလာများ၊ အရာဝတ္ထုများ၊ အသုံးအဆောင်များနှင့် ယဉ်ကျေးမှုနေရာများကို ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များဟု UNESCO အဖွဲ့က ၂၀၀၃ ခုနှစ် Convention တွင် သတ်မှတ်ဖော်ပြ ထားခဲ့ပါတယ်။ အဆိုပါ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များရဲ့ သိသာထင်ရှားတဲ့ ဘာသာရပ် နယ်ပယ် များအလိုက် အဓိက ကဏ္ဍကြီး (၅)ခုကို ၂၀၀၃ ခုနှစ် Convention မှာ အောက်ပါအတိုင်းသတ်မှတ် ထားရှိပါတယ်။ (၁)ပါးစပ်ရာဇဝင်တွင် ဖော်ပြချက်များ၊ ဘာသာစကားများ (၂)ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ (၃)လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ (၄)သဘာဝ စကြာဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ (၅)ရိုးရာလက်မှုပညာရပ်တို့ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ကဏ္ဍကြီး (၅)ခုအောက်တွင် မြောက်မြားစွာ တည်ရှိနေပြီး ကမ္ဘာ့နိုင်ငံ အသီးသီးမှ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာအဆင့် ထိန်းသိမ်းမှုအနေနဲ့ UNESCO အဖွဲ့ကြီးက အဖွဲ့ဝင်နိုင်ငံများရဲ့ တင်ပြလာတဲ့ အမွေအနှစ်များကို အောက်ပါ အမည်စာရင်း (၃)ခု အောက်တွင် စိစစ်ပြီး နှစ်စဉ်သတ်မှတ် ဖော်ပြထိန်းသိမ်းလျက်ရှိပါတယ်။ ပထမအနေနဲ့ ပျောက်ကွယ်လုနီးပါး ဒြပ်မဲ့ယဉ်ကျေးမှုများကို ဆက်လက်ရှင်သန်စေရန်အတွက် အထောက်အပံ့များ ရရှိစေရန် အသိအမှတ်ပြုဖော်ပြခြင်း၊ ဒုတိယအနေနဲ့ကတော့ ဒြပ်မဲ့ယဉ်ကျေးမှုရဲ့ အရေးပါပုံနှင့် မတူကွဲပြားပုံများကို ထင်ရှားပေါ်လွင်စေရန် အသိအမှတ်ပြု ဖော်ပြခြင်း၊ တတိယအနေနဲ့ ၂၀၀၃ ခုနှစ် Convention နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်သည့် အစီအစဉ်၊ လှုပ်ရှားမှု များကို အသိအမှတ်ပြု ငွေကြေးအကူအညီပေးရန်တို့ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ ၂၀၀၃ ခုနှစ် Convention ကို ၂၀၁၄ ခုနှစ် တွင် ပါဝင်လက်မှတ်ရေးထိုးထားခဲ့ပြီး ပြည်ထောင်စုအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုများအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်

UNESCO အသိအမှတ်ပြုစာရင်းများသို့ တင်သွင်းနိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးတစ်ဦးစီ ပါဝင်စေလျက် ဖွဲ့စည်းပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ပြုစုမှတ်တမ်းတင်ရန် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးနှင့် UNESCO သို့ Periodic Report ရေးသားတင်ပြရေးအတွက် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။

(က)တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော ဒေသခံများ၏ ပါဝင်မှုဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာစာရင်းကောက်ခြင်း၊ (ခ)စာရင်းကောက်ယူပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို UNESCO သတ်မှတ်ချက်နှင့်အညီ စိစစ်၍ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း၊ (ဂ) UNESCO သို့ Periodic Report ရေးသားပြုစုပေးပို့ခြင်း၊ (ဃ)အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သတင်းအချက်အလက် ဗဟိုဌာနအဖြစ် ဆောင်ရွက်ခြင်း၊ (င)ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဥပဒေ(မူကြမ်း)အား ရေးဆွဲခြင်း၊ (စ)ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းတို့ ဖြစ်ပါတယ်။

ဖော်ပြပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိရာမှာ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ကောက်ယူခြင်းကို ကြီးကြပ်ခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တစ်ခုချင်းစီ၏ ဝိသေသလက္ခဏာများကို စိစစ်ပေးနိုင်ရန်၊ အားလုံး ပါဝင်မှုရှိစေရန် ပညာရှင်အဖွဲ့များ ဖွဲ့စည်းကာ ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ယင်း အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် မှတ်ပုံတင်စာရင်းတွင်ပါသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စံသတ်မှတ်ချက်များနှင့်အညီ စိစစ်ကာ ဦးစားပေးအစီအစဉ်များရွေးချယ်၍ UNESCO သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရခိုင်ပြည်နယ်အစိုးရနှင့် ပြည်တွင်းပြည်ပ ပညာရှင်များ ပါဝင်သောအဖွဲ့များဖြင့် လုပ်ဆောင်လျက်ရှိပါတယ်။ ထိုသို့လုပ်ဆောင်ရာမှာ မြောက်ဦးမြို့ရှိ ရှေးဟောင်းဘုရား စေတီပုထိုးများ၊ ရုပ်ထုများ၊ ကျောက်စာများ၊ ပိဋကတ်တိုက်များ၊ ခံတပ်များစသည်ဖြင့် ဒြပ်ရှိယဉ်ကျေးမှုပစ္စည်းများအပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တို့ကိုပါ ခေါင်းစဉ်တစ်ခုသတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မြောက်ဦးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာတွင် ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုများပါ တင်သွင်းရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ရခိုင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ သာသနိက

အဆောက်အအုံများရှိ နဝရူပဗျာလ်ရုပ်ထုများနှင့် ပတ်သက်၍ UNESCO သို့ အမည်စာရင်း တင်သွင်းလိုသည့်ကိစ္စတွင်လည်း သက်ဆိုင်ရာ ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီများ၊ ပညာရှင်များ၏ စာရင်းကောက်ယူ တင်သွင်းလာမှုများတွင် ပါဝင်လာပါက အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနည်းတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျိုင်းတုံမြို့ရဲ့ မြို့ရိုးနှင့်ကျုံးဟာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ရှေးဟောင်းအဆောက်အအုံဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကျိုင်းတုံဌာနစုကို ကျိုင်းတုံမြို့တွင် ၂၅ - ၉ - ၂၀၁၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ ကွင်းဆင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ကျိုင်းတုံ မြို့ရိုးနှင့်ကျုံးအနေဖြင့် ရပ်ကွက်(၁)စွမ်မွန်းရပ်ရှိ အလက(၄)နောက်ကျောမှစ၍ ရပ်ကွက်(၃) မွန်းဆန်းဘုန်းကြီးကျောင်းအထိ မြို့ရိုးနှင့်ကျုံး လုံးဝမကျန်တော့ဘဲ ပါလျှန်တံခါးတစ်ခုသာ ကျန်ရှိပါတယ်။ ရပ်ကွက်(၁)ရှိ စဲင်းမိုင်းကျုံးအား ကားကြီးကွင်းနောက်ဘက်မှစ၍ ယန်းခမ်းတံခါးအထိ မြေဖို့၍ ပိတ်ဆို့ထားပါသည်။ မြို့မိမြို့ဖများရဲ့ တောင်းဆိုတင်ပြချက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တစ်ခုတည်းသာ ကျန်ရှိသော ပါလျှန်တံခါးကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင် ကျန်ရှိတဲ့ မြို့ရိုးနေရာကို မကျူးကျော်ရ ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ၂၀၁၄ ခုနှစ်မှာ မြို့တံခါးနေရာများတွင် မြို့တံခါးအမည် ဆိုင်းဘုတ်စိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ပြိုကျနေသော မင်္ဂလာတံခါးမြို့ရိုးအား မြေထိန်းနံရံပြုလုပ် ထိန်းသိမ်းခြင်း၊ မြို့တံခါးအမည်များကို အင်္ဂတေဆိုင်းဘုတ်ဖြင့် ပြန်လည်စိုက်ထူခြင်းများကို ကျိုင်းတုံ လူမှုကူညီရေးအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ယန်းခမ်းမြို့ရိုးကို သံဆူးကြိုးဖြင့် ကာရံထိန်းသိမ်းခြင်း၊ ကျန်ရှိတဲ့ မြို့ရိုးနေရာများတွင် ရှေးဟောင်းနယ်မြေဆိုင်းဘုတ်စိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဖော်ပြပါ လုပ်ငန်းများအပြင် မြို့ရိုးပေါ်ရှိ၊ ကျုံးအတွင်းရှိ အမှိုက်များနှင့် သစ်ပင်များကို မြို့နယ်စည်ပင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ သန့်ရှင်းရေးများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

ကျိုင်းတုံမြို့ ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတွင် ကျူးကျော်နေထိုင်မှုများအား ကွင်းဆင်း စိစစ်ရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး ၁၅-၆-၂၀၁၇ ရက်နေ့မှ ၂၁-၇-၂၀၁၇ ရက်နေ့အထိ ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာ မြို့ပေါ်၊ မြို့ရိုးဘေး၊ ကျုံးအတွင်း ကျူးကျော်လျက်ရှိပြီး အများသုံးရေကန်၊ သီလရှင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ရေတွင်း၊ စည်ပင်ဝန်ထမ်းအိမ်ရာ၊ ဆက်သွယ်ရေးဝန်ထမ်းအိမ်ရာအပါအဝင် ရပ်ကွက်(၁)မှာ (၇၂)နေရာ၊ ရပ်ကွက်(၄)မှာ (၃၄)နေရာ၊ ရပ်ကွက်(၅)မှာ (၃၇)နေရာရှိပြီး စုစုပေါင်း (၁၄၃)နေရာဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။ ထို့နောက် မြို့ရိုးနှင့် ကျုံးအတွင်း နေထိုင်သူများအား ဖိတ်ခေါ်စုစည်းပြီး လက်ရှိနေထိုင်မှုပုံစံအား တိုးချဲ့ကျူးကျော်ခြင်းများ မပြုလုပ်ရန် ဆွေးနွေးဟောပြောခဲ့ပါတယ်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ၂၀၁၉ ကို ၁၈-၂-၂၀၁၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါတယ်။ ဤဥပဒေအရ ကျိုင်းတုံ မြို့ရိုးနှင့်ကျုံးအား ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်မည်ဆိုပါက ပထမဦးစွာ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ဒေသ၊ ကြားခံဒေသများကို နယ်နိမိတ်သတ်မှတ်ဖော်ပြ၍ အစိုးရအဖွဲ့ရဲ့ သဘောတူညီမှုဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရမှာဖြစ်ပါတယ်။ ထိုသို့ သတ်မှတ်နိုင်ရန်အတွက် မြို့ရိုးနှင့် ကျုံး၏ အခင်းအကျင်းကို အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည့် အရာများကို သတ်မှတ်ချက်များနှင့်အညီ ဖယ်ရှားရှင်းလင်းဆောင်ရွက်ရန်နှင့် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါသဖြင့် ဤနေရာတွင် နေထိုင်လျက်ရှိသူများ၊ ဒေသခံများအား အသိပညာပေးခြင်း၊ ဟောပြောခြင်း၊ သဘောတူညီမှု ရယူခြင်းများကို ကြိုတင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျိုင်းတုံ မြို့ရိုးနှင့် ကျုံးပေါ်တွင် အခိုင်အမာအဆောက်အအုံများ ရှိနေခြင်းနှင့် ကျန်ရှိနေသည့် ပါလျန်တံခါးနှင့် ယန်းခမ်း မြို့ရိုးကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ ထိန်းသိမ်းထားခြင်းတို့ကြောင့် လောလောဆယ်အားဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ကာကွယ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ရှေးဟောင်းအဆောက်အအုံဖြစ်သည့် ကျိုင်းတုံမြို့ရိုးနှင့်ကျုံးနေရာတွင် ထပ်မံကျူးကျော်နေထိုင်မှုများ၊ တိုးချဲ့တည်ဆောက်မှုများမရှိစေရန် မြေပေါ်မြေအောက်တွင် ကျန်ရှိသည့် မြို့ရိုးနှင့် ကျုံးနေရာများ ထပ်မံပျက်စီးမှုများ မရှိစေရန် ရေရှည်တည်တံ့ကြံ့ခိုင်အောင် ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံများ၊ လက်ရှိနေထိုင်သူများနှင့် ပူးပေါင်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၀။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**KG သင်ရိုးနှင့် ကိုက်ညီသော ဂီတဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အပါအဝင် လိုအပ်သော သင်ထောက်ကူပစ္စည်းများအား လာမည့်ဘဏ္ဍာရေးနှစ်တွင် လုံလောက်စွာ ထောက်ပံ့ပေးရန်နှင့် KG ဆရာ/ဆရာမများ သီးသန့်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က KG သင်ရိုးနှင့် ကိုက်ညီသော ဂီတဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အပါအဝင် လိုအပ်သော သင်ထောက်ကူပစ္စည်းများအား လာမည့်ဘဏ္ဍာရေးနှစ်တွင် လုံလောက်စွာ ထောက်ပံ့ပေးရန်နှင့် KG ဆရာ/ဆရာမများ သီးသန့်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၁။**

**ဒေါ်အိအိပြုံး၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အစိုးရသစ်လက်ထက်တွင် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီး အခြေခံပညာရေးဖွဲ့စည်းမှုကို KG +5+4+3 ပုံစံသို့ ပြောင်းလဲခဲ့ခြင်းကြောင့် KG တန်းနှင့် Grade-1 အတန်းတွေဟာ ကျောင်းသားဗဟိုပြုပညာရေးရဲ့ အခြေခံအကျဆုံးသော အစလည်းဖြစ်ခဲ့ပါတယ်။ KG သင်ရိုးသစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ စတင် သင်ကြားခဲ့ပြီး KG သင်ရိုးသစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ၆-၁-၂၀၁၇ ရက်နေ့မှ ၂၁-၁-၂၀၁၇ ရက်အတွင်း ပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့နယ် (၃၄)မြို့နယ်မှ ကျောင်းပေါင်း (၁၃၇၂) ကျောင်းရှိ ဆရာမပေါင်း(၁၄၃၉)ဦးအား သွားရောက်တွေ့ဆုံပြီး ကြီးကြပ်အကဲဖြတ်သည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ KG သင်ရိုးသစ်မှာ အရေး၊ အဖတ်များတဲ့ ကလေးများရဲ့ စိတ်နေသဘောထား ခံယူချက်၊ လူမှုဆက်ဆံရေး၏ အခြေခံများကိုသာ အဓိကထား သင်ကြားပေးခြင်းဖြစ်ပြီး ဂီတ၊ ကဗျာများကဲ့သို့သော သင်ခန်းစာများဖြင့် တီထွင်သော ကစားနည်း၊ အတုယူကစားနည်း၊ ပုံပြင်(၃၃)ပုဒ်ကဲ့သို့သော သင်ခန်းစာများ၊ KG ကစားကွင်းများဖြင့် ကလေးငယ်များ ကျောင်းတွင်ပျော်ရွှင်စေရန် ရည်ရွယ်ထားခြင်းလည်း ဖြစ်ပါတယ်။

သို့ပါသော်လည်း ကျွန်မ မဲဆန္ဒနယ်ဆင်းရာ ကျေးရွာများမှာ ဌာနမှ ထောက်ပံ့ပေးထားသော KG Kit ပုံး တစ်ခုသာရှိပြီး အခြားဆက်စပ်ခြင်းကဲ့သို့သော သင်ရိုးသစ်အတွက် သုံးစွဲရန် အခြားဆက်စပ်ပစ္စည်းများ သုံးစွဲရန်ဆိုလို့ရှိရင် ဘတ်ဂျက်သီးသန့် လျာထားခြင်း မရှိတဲ့အတွက်ကြောင့် အခက်အခဲများတွေ့ရှိရပြီး အချို့ကျောင်းအုပ်များအပေါ်မှာပါ မှီတည်ပြီးတော့ အနည်းငယ်သုံးစွဲရတဲ့ ကျောင်းများကိုလည်း တွေ့ရှိရပါတယ်။ ဂီတနဲ့သက်ဆိုင်သော ကဗျာများ ရွတ်ဆိုရာတွင်လည်း Bluetooth ကဲ့သို့သော စက်ကလေးများ အသုံးပြုသော ကျောင်းအနည်းငယ် ရှိသော်လည်း အများစုမှာ အသုံးမပြုနိုင်ကြောင်း တွေ့ရှိရပါတယ်။ ကလေးငယ်များဟာ သင်ရိုးပါ အကြောင်းအရာ (၁၅)ခုအတွက် ရောင်စုံရုပ်ပုံပါစာအုပ်များကို စိတ်ဝင်စားသော်လည်း ထောက်ပံ့မှုအားနည်းကြောင်းလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခြေခံပညာမူလတန်းကျောင်းပေါင်း (၂၆၉၁၈)ကျောင်းမှာ ဆရာ(၁)ဦးသာ ခန့်ထားနိုင်သောကျောင်း (၁၉၂၈)ကျောင်း၊ ဆရာ(၂)ဦးသာ ခန့်ထားနိုင်သောကျောင်း (၃၄၈၆) ကျောင်း၊ ဆရာ(၃)ဦးသာ ခန့်ထားနိုင်သောကျောင်း (၅၁၃၂)ကျောင်း၊ ဆရာ(၄)ဦးသာ ခန့်ထားနိုင်သော ကျောင်း (၁၁၈၂၉)ကျောင်း၊ ဆရာ(၅)ဦးသာ ခန့်ထားနိုင်သောကျောင်း (၂၇၆၉)ကျောင်း၊ ဆရာ(၆)ဦးသာ ခန့်ထားနိုင်သောကျောင်း (၈၄၁)ကျောင်း၊ ဆရာ(၆)ဦးနှင့်အထက် ခန့်ထားနိုင်သော ကျောင်း (၉၃၃)ကျောင်း ခန့်အပ်ထားပြီး ဆရာလိုအပ်ချက်ကလည်း မြင့်မားနေကြောင်း တွေ့ရှိရပါတယ်။

ထို့ပြင် KG သင်ရိုးသစ်အား စတင်သင်တန်းပေးရာမှာ ပထမဆုံး(၁)နှစ်သာ သင်တန်းပေးပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ကျောင်းများမှ တစ်ကျောင်းလျှင်(၁)ယောက်သာ တက်ခွင့်ရခဲ့ပြီး အခုအချိန်မှာဆိုရင် သင်တန်းတက်ရောက်ခဲ့တဲ့ ဆရာ၊ ဆရာမတွေက ရာထူးတိုးနေမှုများရှိခြင်း၊ အပြောင်းအရွှေ့များရှိခြင်းကြောင့် ဆရာအင်အားမလုံလောက်သော ကျောင်းများမှာဆိုလို့ရှိရင် KG တန်းတွေကို သီးသန့်ဆရာမမရှိဘဲ အခြားအတန်းများမှဆရာများ တွဲကိုင်ရကြောင်းလည်း သိရှိရပါတယ်။

KG တန်းနဲ့ Grade – 1 တန်းတွေကို ဝါရင့်အတွေ့အကြုံရင့်ကျက်တဲ့ ဆရာ၊ ဆရာမကြီးများသာ တာဝန်ပေးသင့်ပါတယ်။ ဌာနမှလည်း ကျောင်းဆင်းစ ဆရာမအသစ်များကို မပေးရန် ညွှန်ကြားထားသော်လည်း အချို့ကျောင်းများမှာ ဆရာအင်အား မလုံလောက်ခြင်းကြောင့် ဆရာ၊ ဆရာမအသစ်များကို တာဝန်ပေးနေခြင်း၊ အချို့နေရာများမှာ ကျေးရွာမှငှားထားသော ဆရာများ သင်ကြားပေးနေကြောင်း တွေ့ရှိရပါတယ်။ ထို့အတွက်ကြောင့် ဝန်ကြီးဌာနမှ ညွှန်ကြားချက်များကို လိုက်နာစေရန် သေချာစိစစ်ကြပ်မတ်ပေးရန်လည်း လိုအပ်ပါတယ်။ ထိုကဲ့သို့ မြေပြင်ပကတိ အခက်အခဲများကို တွေ့ရှိရခြင်းကြောင့် သင်ရိုးသစ် အောင်မြင်နိုင်ရန် ဝန်ကြီးဌာန၏ စဉ်ဆက်မပြတ်

စီစဉ်ဆောင်ရွက်နေသော အစီအမံများကို သိရှိလိုသောကြောင့် အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့အပြင် အခြား ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တချို့တွင် "နိုင်ငံရေး သိပ္ပံ" ပညာကို အထူးပြုဘာသာအဖြစ် သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့အပြင် အခြား ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တချို့တွင် "နိုင်ငံရေးသိပ္ပံ" ပညာကို အထူးပြုဘာသာအဖြစ် သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၅။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့အပြင် အခြား ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်အချို့မှာ နိုင်ငံရေးသိပ္ပံပညာကို အထူးပြုဘာသာအဖြစ် သင်ကြား ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ မှာ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတယ်လို့ ပါရှိပြီး ပါတီစုံစနစ်ဖြင့် လက်တွေ့ကျင့်သုံးခဲ့သည်မှာ (၁၀)စုနှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီ ပေါင်း (၉၆)ပါတီ ဖွဲ့စည်းတည်ရှိပြီး ဆက်လက်လျှောက်ထားဆဲရှိရာ နိုင်ငံရေးပါတီပေါင်း (၁၀၀) နီးပါးရှိပြီဖြစ်ပါတယ်။ နိုင်ငံရေးပါတီများစွာရှိသကဲ့သို့ ပါတီဝင်နိုင်ငံရေးသမားများ အရေအတွက် လည်း များစွာရှိပြီဖြစ်ပါတယ်။ ဒီမိုကရက်တစ် အပြောင်းအလဲ အမြစ်တွယ်ခိုင်မာရှင်သန်ဖို့ အရေးကြီးတဲ့လုပ်ငန်းများထဲမှ တစ်ခုမှာ Professional နိုင်ငံရေးသမားများ မွေးမြူတည်ဆောက်ရေး ဖြစ်ပါတယ်။ ဒီမိုကရက်တစ် အပြောင်းအလဲ အောင်မြင်ဖို့ဆိုရင် Professional နိုင်ငံရေးသမားများ များစွာရှိဖို့လိုပါတယ်။ နိုင်ငံရေးအလုပ်ကိုက ကျွမ်းကျင်ဖို့အထူးလိုအပ်တဲ့ အလုပ်မျိုးဖြစ်တာကြောင့် Professional အရည်အချင်းရှိသူများသာ လုပ်နိုင်တဲ့အလုပ်မျိုး ဖြစ်ပါတယ်။ Professional နိုင်ငံရေး သမားဆိုတာက နိုင်ငံရေးအတွက် ဘဝတစ်ခုလုံး မြှုပ်နှံထားသူ၊ နိုင်ငံတည်ဆောက်ရေးအတွက်

အရည်အချင်းပြည့်ဝသူ၊ နိုင်ငံရေးကို သိပ္ပံနည်းကျ လေ့လာတတ်သိပြီး ဗဟုသုတပြည့်စုံသူ၊ စိတ်ဓာတ်ရင့်ကျက် တည်ငြိမ်သူမျိုး ဖြစ်တယ်လို့ ဆိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ ၁၉၂၀ ပြည့်နှစ် စတင်တည်ထောင်ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်မှာ ၁၉၃၀-၁၉၃၁ ပညာသင်နှစ်မှစတင်ကာ နိုင်ငံရေးသိပ္ပံကို သင်ကြားနိုင်ခဲ့ပါတယ်။ လူကြိုက်များတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ ပထမနှစ်မှာ နိုင်ငံရေးအတွေးအခေါ်များ၊ နောက်ဆုံးနှစ်မှာ နိုင်ငံရေးအဖွဲ့အစည်းများအကြောင်း သင်ကြားပြီး အထူးသင်ကြားရသည်မှာ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံများဖြစ်တယ်လို့ သိရှိရပါတယ်။ ၁၉၆၄ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို မသင်ကြားရတော့ဘူးလို့ သိရှိရပါတယ်။ ၁၉၇၇ ခုနှစ် (၂)နှစ်သင် ဒေသကောလိပ်အဖြစ် ဘာသာတွဲ(၄)မျိုး ရွေးချယ်သင်ကြားခွင့်ရှိရာ (၄)မျိုးစလုံးမှာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြားရသော်လည်းပဲ အထူးပြုဘာသာအဖြစ် သင်ရခြင်းတော့ မဟုတ်ပါ။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့မှာ အထူးပြုဘာသာရပ် (၂၀)ကျော်ကို ပထမနှစ်မှ စတင်လက်ခံသင်ကြားပေးခဲ့ရာ နိုင်ငံရေးသိပ္ပံ အထူးပြုဘာသာရပ်ပါရှိလာခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင် ရမှတ် (၄၂၀)ကျော်ဖြင့် လူဦးရေ ဆယ်ဂဏန်းလက်ခံသင်ကြားခဲ့ပါတယ်။ နိုင်ငံရေးသိပ္ပံဒီပလိုမာ ညနေပိုင်းသင်တန်းအဖြစ် အသက်အရွယ်မရွေးတက်ရောက်သင်ယူနိုင်ခြင်းနှင့် နိုင်ငံရေးပါတီများ၊ ပြင်ပအဖွဲ့အစည်းများကနေ နိုင်ငံရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းတို့ရှိပါတယ်။

သို့ပေမယ့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာအောင်မြင်စွာ ဖော်ဆောင်နိုင်ဖို့ လူငယ်တွေ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ဒီဂရီအဖွဲ့အဆင့် ပြည့်ပြည့်ဝဝ၊ ကျယ်ကျယ်ပြန့်ပြန့်၊ နှံ့နှံ့စပ်စပ် လေ့လာသင်ယူနိုင်ခွင့် ပိုမိုလိုအပ်လာပြီလို့ ယုံကြည်၍ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့အပြင် အခြားတက္ကသိုလ်အချို့မှာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို အထူးပြုဘာသာအဖြစ် သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့် အကယ်၍ တက္ကသိုလ်အချို့ကို ဆရာအခက်အခဲရှိတယ်ဆိုပါလျှင် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ရှိ နိုင်ငံရေးသိပ္ပံဘာသာရပ် တက်ရောက်ခွင့်ကို မူလျော့၊ လူဦးရေတိုး ပိုမိုလက်ခံသင်ကြားပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် အစိုးရ နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့ဟာ ချင်းပြည်နယ်မြောက်ပိုင်းရဲ့ အလယ် ဗဟိုတွင်ရှိတဲ့မြို့ဖြစ်ပါတယ်။ ဖလမ်းခရိုင်အောက်မှာ မြို့နယ်(၃)မြို့နယ်နဲ့ မြို့(၇)မြို့ ရှိပါတယ်။ မြို့ဟာ ဆိုရင်လည်း ရေ၊ မီး၊ ဟင်းသီးဟင်းရွက် အလုံအလောက် ရရှိတဲ့မြို့ ဖြစ်ပါတယ်။ တည်ဆောက်ဆဲ လေယာဉ်ကွင်းဟာလည်း ၂၀၂၀ ပြည့်နှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလည်း ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ဖလမ်းမြို့နယ်ရှိ ရိခေါဒါရ်မြို့မှာလည်း နယ်စပ်ကုန်သွယ်ရေးဂိတ် ရှိပါတယ်။ ဖလမ်းမြို့ဟာ ဖွံ့ဖြိုးတိုးတက်လာရန် အလားအလာရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ အစိုးရ နည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ရန် အင်မတန်မှသင့်တော်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

ကျောင်းဖွင့်လှစ်ပေးနိုင်မည်ဆိုပါက ဖလမ်းမြို့နယ်နှင့် အနီးတစ်ဝိုက်ရှိ ကျောင်းသားများက နည်းပညာများ သင်ယူလာနိုင်မှာဖြစ်ပြီး နိုင်ငံ၏ လူ့စွမ်းအားနှင့် ကုန်ထုတ်လုပ်ငန်းမှာ တစ်ဖက် တစ်လမ်းမှ အထောက်အကူတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ အမှန်မှာဆိုရင် ကျွန်တော်တို့ ဖလမ်း မြို့နယ်တစ်ခုတည်း မဟုတ်ဘဲနဲ့ ချင်းပြည်နယ်မြို့အားလုံးမှာ အစိုးရနည်းပညာ အထက်တန်း ကျောင်း ဖွင့်လှစ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာ (၁၀)တန်း အောင်ချက်ရာခိုင်နှုန်းဟာဆိုရင် (၁၆)ရာခိုင်နှုန်းလောက်ပဲ ဖြစ်ပါတယ်။ ဒီ Repeater တွေ နောက်နှစ် ပြန်ကြိုးစားခြင်းအားဖြင့် (၂၀)ရာခိုင်နှုန်းကျော် (၃၀) ရာခိုင်နှုန်းလောက် အောင်တယ်ဆိုရင်တောင်မှ (၁၀)တန်း အောင်တဲ့ရာခိုင်နှုန်းက အင်မတန်မှ နည်းပါတယ်။ ဆိုတော့ ကျောင်းကနေ Drop Out ရာခိုင်နှုန်းက (၈၀)၊ (၇၀)ကျော်ရှိတယ်လို့ ပြောလို့ရပါတယ်။

တက္ကသိုလ် ဆက်မတက်နိုင်တဲ့ ကျောင်းသားတွေဟာ ဒီလိုမျိုး နည်းပညာအထက်တန်း ကျောင်း သင်ကြားပေးနိုင်မယ်ဆိုရင် သူတို့က တကယ့် Skill Worker တွေ ဖြစ်လာပြီးတော့

နိုင်ငံခြားမှာ အလုပ်လုပ်ရင်လည်း ဒီလစာများတဲ့ အလုပ်တွေရမှာဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း အလားတူပဲ လစာကောင်းတဲ့ အလုပ်တွေရလာတဲ့အပြင် Skill Worker တွေ များများမွေးထုတ်ပေးနိုင်တယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်လာဖို့အတွက် အထောက်အကူတစ်ခုလည်း ဖြစ်လာမှာဖြစ်ပါတယ်။ သို့ပါသောကြောင့် မေးခွန်းမေးမြန်းလိုတဲ့ မေးခွန်းကတော့ ဖလမ်းမြို့မှာ အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ ဖွင့်လှစ်ပေးမည်ဆိုပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သို့မဟုတ် ဆောလျင်စွာ မည်သည့်နှစ်တွင် ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့၊ မဲသမူကျေးရွာအုပ်စု၊ ကရီးဖိုးကွီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (၁၂၀'x၃၀')RC တစ်ထပ်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးက ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့၊ မဲသမူကျေးရွာအုပ်စု၊ ကရီးဖိုးကွီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (၁၂၀' x ၃၀') RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၂။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ ဒီကနေ့ ကျွန်မ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့၊ မဲသမူကျေးရွာအုပ်စု၊ ကရီးဖိုးကွီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ (၁၂၀' x ၃၀') RC တစ်ထပ်ကျောင်းဆောင်တစ်ဆောင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ကျွန်မတို့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့၊ မဲသမူကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၇)ရွာမှာ အိမ်ခြေ (၄၄၈)အိမ်နဲ့ လူဦးရေ (၃၁၈၅)ဦး ရှိပါတယ်။ လှိုင်းဘွဲ့ - ရှမ်းရွာသစ် ကတ္တရာလမ်းကနေပြီး (၂)မိုင် မြေသားလမ်းနဲ့ သွားရတာဖြစ်ပါတယ်။ မိုးတွင်းကာလမှာ သွားရေး၊ လာရေး တော်တော်လေးကို ခက်ခဲလွန်းလှပါတယ်။ ကရီးဖိုးကွီး အလယ်တန်းကျောင်းခွဲမှာ ပတ်ဝန်းကျင်ကျေးရွာ(၇)ရွာနဲ့ တခြားသော

ကျေးရွာအုပ်စုက အလယ်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားတွေလည်း လာရောက်ပြီးတော့ ပညာသင်ကြားရတာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက်ကြောင့် ကရီးဖိုးကွီး ကျေးရွာမှာပဲ လာရောက်နေထိုင်ပြီးတော့မှ ဆရာ၊ ဆရာမတွေနဲ့အတူ ဘော်ဒါဆောင်မှာနေထိုင်ပြီး စာသင်ကြားရတာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းသူ၊ ကျောင်းသားဦးရေ (၄၈၀)ဦး ရှိပါတယ်။ လက်ရှိ ကရီးဖိုးကွီး ကျောင်းမှာ (၉၀ x ၃၀ )ပေ ကျောင်းဆောင်တစ်ဆောင်နဲ့ (၆၀ x ၃၀)ပေ သစ်သားကျောင်းဆောင် တစ်ဆောင်ရှိပေမယ့်လည်း ကျောင်းသားဦးရေအရ လုံလောက်မှု မရှိပါဘူး။ ဒါကြောင့် ကျောင်းဆောင်အသစ်တစ်ဆောင် အမြန်လိုအပ်နေပြီ ဖြစ်ပါတယ်။ လောလောဆယ်မှာ ယာယီကျောင်းဆောင်အနေနဲ့ပဲ ကျောင်းသားတွေကို နှစ်စဉ်နှစ်တိုင်း ရွာကနေ ပြုပြင်တည်ဆောက်ပြီး စာသင်ကြားနေရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ **Power Point** အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်ရှင်။ ဒါကတော့ လက်ရှိ (၉၀ x ၃၀ )ပေ ကျောင်းဆောင် ဖြစ်ပါတယ်။ ဒါကတော့ သစ်သားကျောင်းဆောင် (၆၀ x ၃၀)ပေ ဖြစ်ပါတယ်။ ဒါကတော့ ယာယီကျောင်းဆောင်လေး ဖြစ်ပါတယ်။ ခုနက သစ်သားကျောင်းဆောင်နဲ့ တွဲထားတာဖြစ်ပါတယ်။ စာသင်ခုံလေးတွေ စီထားတာကတော့ ဒီကျောင်းဆောင်မှာ မူးယစ်ဆေးဝါး ပပျောက်ရေး ဟောပြောပွဲလုပ်နေတဲ့အတွက် ခုံတွေကို ရွှေ့ထားတာဖြစ်ပါတယ်။ ဒါကတော့ လက်ရှိ ယာယီကျောင်းဆောင် သင်ကြားနေတဲ့နေရာဖြစ်ပါတယ်။ ဒါလည်း ခုနက တစ်ဆောင်တည်းပဲ ဖြစ်ပါတယ်။ နောက်တစ်ပုံပြပေးပါ။ ဒါကတော့ မနှစ်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းပြီး ချိန်မှာ ကျန်ခဲ့တဲ့ကျောင်းဆောင် ဖြစ်ပါတယ်။ အခု ကျောင်းဖွင့်တဲ့ရာသီမှာတော့ ရွာကနေပြီး နောက်ထပ် ယာယီကျောင်းဆောင်လေး ပြန်ပြီးဆောက်လုပ်ပေးရတာ ဖြစ်ပါတယ်။ မိုးတွင်းကာလ မှာဆိုလို့ရှိရင် လုံးဝလုံခြုံမှုလည်းမရှိသလို နှစ်စဉ်နှစ်တိုင်း ပြန်ပြင်နေရပါတယ်။ ဒါကြောင့် ကျောင်းဆောင် အမြန်လိုအပ်နေပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းကို ကျွန်မတို့ လွှတ်တော်ထဲမှာ မေးရတဲ့အကြောင်းရင်းကလည်း ကျွန်မတို့ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲတဲ့အခါမှာ ကျောင်းဆောင်တွေကို ထည့်သွင်းရေးဆွဲခဲ့ ပေမယ့်လည်း ကျွန်မတို့ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်တွေမှာဆိုလို့ရှိရင် မပါလာတတ်ပါဘူး။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အ.လ.က(ခွဲ)ကရီးဖိုးကွီးကျေးရွာမှ လက်ရှိ(၉၀ x ၃၀ )ပေ အုတ်ညှပ်ကျောင်းဆောင် မြင်ကွင်းပုံ (ဟ)



အ.လ.က(ခွဲ)ကရီးဖိုးကွီးကျေးရွာမှ ယာယီကျောင်းဆောင် မြင်ကွင်းပုံ (ဟ-၁)



ယာယီကျောင်းဆောင် မြင်ကွင်းပုံ (ဟ-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မူလတန်းပြ(နေ့စားလပေး) လျှောက်လွှာခေါ်ယူပြီး မြို့နယ်အတွင်းရှိ နဝမတန်းအောင်၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရများ (၃၅၀၀)ကျော် လျှောက်ထားဖြေဆိုခဲ့ကြသော်လည်း (၂၀-၂-၂၀၁၉)ရက်နေ့အထိ ခန့်ထားခြင်းမရှိသည့်အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မတိုင်မီ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မူလတန်းပြ (နေ့စားလပေး) လျှောက်လွှာခေါ်ယူပြီး မြို့နယ်အတွင်းရှိ နဝမတန်းအောင်၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရများ (၃၅၀၀)ကျော် လျှောက်ထားဖြေဆိုခဲ့ကြသော်လည်း (၂၀-၂-၂၀၁၉) ရက်နေ့အထိ ခန့်ထားခြင်းမရှိသည့်အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မတိုင်မီ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၆။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မူလတန်းပြ (နေ့စားလပေး) လျှောက်လွှာခေါ်ယူပြီး မြို့နယ်အတွင်းရှိ နဝမတန်းအောင်၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရများ (၃၅၀၀)ကျော် လျှောက်ထားဖြေဆိုခဲ့ကြသော်လည်း (၂၀-၂-၂၀၁၉) ရက်နေ့အထိ မူလတန်းပြ (နေ့စားလပေး) ခန့်ထားပေးခြင်းမရှိသည့်အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မတိုင်မီ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ် အတွင်း ကျေးရွာအုပ်စုနဲ့ ကျေးရွာအများဆုံးမြို့နယ်ဖြစ်ပြီး အခြေခံပညာမူလတန်းကျောင်းများ လည်း ချင်းပြည်နယ်အတွင်း အများဆုံးဖွင့်လှစ်သင်ကြားသော မြို့နယ်ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ လုံးဝခန့်ထားခြင်းမရှိသည့် အခြေခံပညာမူလတန်းကျောင်းပေါင်း ကျောင်းဖွင့်စတွင် (၄၀)ကျော်ရှိပြီး လက်ရှိတွင် (၃၀)ကျော် လစ်လပ်နေကြောင်း သိရှိရပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်လည်း ဆရာ၊ ဆရာမများ လုံးဝခန့်ထားခြင်းမရှိသည့် အခြေခံပညာ မူလတန်းကျောင်းများ ရှိလာနိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင် လွှတ်တော်မှတစ်ဆင့် ပလက်ဝ

မြို့နယ်အတွင်း လစ်လပ်နေသည့် အထက်တန်းနှင့် အလယ်တန်း၊ မူလတန်းကျောင်းများတွင် ပညာရေးဝန်ထမ်းများ ခန့်ထားပေးရန် တောင်းဆိုခဲ့ပြီး ဖြစ်ပါတယ်။ ၁၆-၆-၂၀၁၈ ရက်နေ့နှင့် ၁၇-၆-၂၀၁၈ နေ့များတွင် ချင်းပြည်နယ်၊ ပညာရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ လမ်းညွှန်ချက် အရဆိုပြီး ပလက်ဝမြို့နယ် ပညာရေးမှူးရုံးတွင် မူလတန်းပြ (နေ့စားလပေး) လျှောက်လွှာခေါ်ယူ နေကြောင်း သိရပါတယ်။ ၎င်းလျှောက်လွှာပေါ်တွင် န၀မတန်းအောင်၊ တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ရများ အသက်ကန့်သတ်ချက်မရှိဟု လျှောက်လွှာခေါ်ဆိုသောကြောင့် မြို့နယ်အတွင်းရှိ လူပေါင်း (၃၅၀၀)ကျော် (၃၈၀၀)ခန့် လျှောက်ထားကြောင်း သိရှိရပါတယ်။ လျှောက်လွှာများ လျှောက်ထားပြီး အရည်အချင်းစစ်စာမေးပွဲများလည်း ဖြေဆိုခဲ့ကြပြီးဖြစ်သော်လည်း ယနေ့အထိ အလုပ်မခန့်ထား သေးကြောင်း သိရှိရပါတယ်။ တာဝန်ရှိသူများအား မေးမြန်းသော်လည်း တိကျသည့်အဖြေမရသည့် အတွက် အလုပ်လျှောက်နေကြသော မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်မှတစ်ဆင့် မေးမြန်း ရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပလက်ဝမြို့နယ် ဟာ နယ်မြေကျယ်ပြန့်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်မြို့နယ်ဖြစ်သည့်အတွက် တချို့ ကျေးရွာများဟာ ပလက်ဝမြို့သို့ ရောက်ရှိနိုင်ရန် (၂)ရက်၊ (၃)ရက် ခရီးသွားနေရပါတယ်။ အလုပ် တစ်ခုခုရရန်အတွက် အသက်ကိုရင်းပြီး ခက်ခဲစွာ ခရီးသွားလာနေရသောဒေသ ဖြစ်ပါတယ်။ မူလတန်းပြ (နေ့စားလပေး) အလုပ်လျှောက်ရန် ပလက်ဝမြို့သို့ သွားရောက်နေစဉ်ကလည်း တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသူတစ်ဦး လှေမှောက်၍ ရေနစ်ပြီး အသက်ဆုံးရှုံးခဲ့ရ ပါတယ်။ အချိန်ကုန်၊ လူပင်ပန်း၊ ငွေကြေးများစွာ ကုန်ကျပြီး အလုပ်လျှောက်ကြသော်လည်း ယနေ့အထိ အလုပ်မခန့်သည့်အတွက် အလုပ်ခန့်မည့်နေ့ကို စောင့်မျှော်နေကြခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာမှ အလုပ်ခေါ်ခြင်းသည် မူလတန်းပြ (နေ့စားလပေး) အတွက်လား သို့မဟုတ် မည်သည့်အတွက် ခေါ်သည်ကို သိရှိလိုသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို **၁၁:၀၀** နာရီအချိန်တွင် ခေတ္တရပ်နားပြီး **၁၁:၃၅** နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင် အခြေခံပညာမူလတန်း(လွန်) ကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍ (၉၀'x၃၀') RC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁:၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင် အခြေခံပညာမူလတန်း(လွန်)ကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍ (၉၀'x၃၀') RC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၆။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင်အခြေခံပညာမူလတန်း (လွန်)ကျောင်းသည် ၁၉၈၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အ.မ.က ကျောင်းမှ မူလတန်း(လွန်)ကျောင်းအဖြစ် နိုင်ငံတော်မှ အဆင့်တိုးမြှင့်ခဲ့ပါတယ်။ နေ့တစ်ပိုင်း အချိန်တက်ကျောင်းအမျိုးအစားဖြစ်ပြီး သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တန်းခွဲ (၁)ခုစီနှင့် တတိယတန်း တန်းခွဲ (၂)ခု၊ စတုတ္ထတန်း တန်းခွဲ(၁)ခု၊ ကျောင်းသား၊ ကျောင်းသူဦးရေ မူလတန်း အဆင့် (၂၂၅)ဦး၊ အလယ်တန်းအဆင့် (၅၂)ဦး၊ စုစုပေါင်း (၂၇၇)ဦး ပညာသင်ကြားလျက်ရှိပါတယ်။

လက်ရှိ ကျောင်းဆောင်နှင့် တိုးမြင့်လာသော ကျောင်းသားဦးရေမှာ ညီညွတ်မျှတမှု မရှိဖြစ်နေခြင်း၊ ကျောင်းမြေအကျယ်အဝန်းမှာ (၀.၂၂၁)ကေသာရှိ၍ သာသနာရေးအဆောက်အအုံများနှင့် နီးကပ်စွာ တည်ရှိသည့် (၂)ထပ်ဆောင် ဆောက်လုပ်နိုင်မှသာ မူလွန်ကျောင်းအဖြစ် ဆက်လက်၍ ပညာ သင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ကျောင်းဆောင်သစ်ရရှိရေးအတွက် ၂၀၁၅ ခုနှစ်မှစတင်၍ သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ နှစ်စဉ်တင်ပြခဲ့သော်လည်း မရရှိခဲ့ကြောင်း ကြားသိရပါတယ်။ ယခုအခါတွင် လက်ရှိကျောင်းဆောင်များသည် ကလေးများအတွက် ပညာသင်ကြားရန် အန္တရာယ် ရှိလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါကတော့ မရမ်းချောင် အခြေခံပညာမူလတန်းကျောင်း အရှေ့မျက်နှာစာ မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ဘေးမျက်နှာစာမှာ တွေ့ရှိရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျောင်းရဲ့နောက်ခြမ်းမှာ မြင်တွေ့ရတဲ့ပုံ ဖြစ်ပါတယ်။ ကလေးများအတွက် အန္တရာယ်ရှိသော ကျောင်းထုတ်တန်းပုံ ဖြစ်ပါတယ်။ အရမ်းအန္တရာယ်များပါတယ်။ အခင်းမရှိတော့ဘဲ အုတ်တွေစီထားတဲ့ ကျောင်းခန်းပုံဖြစ်ပါတယ်။ ဒါ ပညာရေးဌာနရဲ့ ပိုင်ဆိုင်မှုပြ မြေပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင်အခြေခံ ပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်နှင့် ကလေးဦးရေ မျှတမှုမရှိပါသဖြင့် အန္တရာယ်ရှိ သော အဆောက်အအုံအား ဖျက်သိမ်း၍ (၉၀'x၃၀') RC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

မရမ်းချောင် အခြေခံပညာ မူလတန်းလွန်ကျောင်းအား ရှေ့မျက်နှာစာမှ မြင်ရပုံ (၄)



ကျောင်း၏ အနောက်ဘက်ခြမ်းမှ မြင်ရပုံ (ဋ-၁)



အခင်းများမရှိတော့ဘဲ အုတ်ခဲများစီထားသည့် ကျောင်းစာသင်ခန်းများ၏ မြင်ကွင်းပုံ (ဋ-၂)



**အချိန်၊ ၁၁:၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၃၉။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ဦးစွာ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်အိအိပြုံး ရဲ့မေးခွန်းဖြစ်သော KG သင်ရိုးနှင့် ကိုက်ညီသော ဂီတဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အပါအဝင် လိုအပ်သော သင်ထောက်ကူပစ္စည်းများအား လာမည့်

ဘဏ္ဍာရေးနှစ်တွင် လုံလောက်စွာ ထောက်ပံ့ပေးရန်နှင့် KG ဆရာ/ဆရာမများ သီးသန့်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာသင်ရိုးသစ် KG+12 စနစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ စတင်အကောင်အထည်ဖော်ခဲ့ရာ ၎င်းပညာသင်နှစ်တွင် KG Kit သင်ထောက်ကူပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူ(၃၅)ဦးလျှင် KG Kit (၁)ပုံးနှုန်းဖြင့် (၆၅၂၀၀)ပုံး၊ သင်ထောက်ကူကားချပ်နှင့် ကတ်ပြားများကို KG Kit (၁)ပုံးလျှင် (၂)စုံနှုန်းဖြင့် (၁၁၅၀၀၀)စုံ၊ ဘားပြာစက္ကူများကို KG Kit (၁)ပုံးလျှင် ရွက်(၁၀၀)နှုန်းဖြင့် (၅၀၀၀၀၀၀) ပုံဆွဲကတ်ထူ KG Kit (၁)ပုံးလျှင် (၁၅)ရွက်နှုန်းဖြင့် (၇၅၀၀၀၀)ရွက်၊ စက္ကူခေါက်နည်းစာအုပ် KG Kit တစ်ပုံးလျှင်(၁)အုပ် နှုန်းဖြင့် (၅၀၀၀၀)အုပ်၊ ကော်ဇောများကို ကျောင်းပေါင်း (၉၃၈၈)ကျောင်းရှိ စာသင်ခန်းပေါင်း (၁၀၅၄၁)ခန်းအတွက် ကော်ဇောကိုက် တစ်ခန်းလျှင် ကိုက်(၃၀)နှုန်း ထောက်ပံ့ဖြန့်ဝေပေးခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် KG Kit သင်ထောက်ကူပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူ (၃၅)ဦးလျှင် (၁)ပုံးနှုန်းဖြင့် (၇၀၀၀၀)ပုံး၊ ကော်ဇောများကို ကျောင်းပေါင်း (၁၀၇၉၃) ကျောင်းရှိ စာသင်ခန်းပေါင်း (၁၆၂၃၉)ခန်းအတွက် စာသင်ခန်းတစ်ခန်းလျှင် ကော်ဇောကိုက် (၃၀)နှုန်းဖြင့် ဖြန့်ဖြူးခဲ့တာရှိပါတယ်။ လက်ရှိအားဖြင့် KG သင်တန်းကို တာဝန်ယူသင်ကြားပေးတဲ့ ဆရာ၊ ဆရာမများအနေဖြင့် ဖွဲ့စည်းပုံအရ သီးသန့်ခန့်ထားခြင်းတော့ မရှိပါဘူး။ မူလတန်းပြအဖြစ် ခန့်ထားတဲ့ ဆရာ၊ ဆရာမများအနက်မှ KG တန်းများကို သင်ကြားပေးနိုင်စေရန်အတွက် သင်တန်းများတက်ရောက်စေပြီး တာဝန်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

KG သင်ရိုးနှင့် ကိုက်ညီသော ဂီတဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အပါအဝင် လိုအပ်သော သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာကျောင်းများ၏ အစီအစဉ်ဖြင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆိုင်ရာ ရန်ပုံငွေမှ ကျခံသုံးစွဲရန် စီစဉ်ထားပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ KG သူငယ်တန်းကျောင်းသူ၊ ကျောင်းသားများအတွက် KG Kit ပုံးများတွင် ပါဝင်သည့် သင်ထောက်ကူပစ္စည်းများကို ပြန်လည်ဖြည့်ဆည်းပေးတဲ့ Refilled စနစ်အတွက်ပါ ဦးစားပေးထောက်ပံ့ ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်တုတ် ရဲ့ မေးခွန်းဖြစ်သော ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့အပြင် အခြား ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တချို့တွင်လည်း "နိုင်ငံရေးသိပ္ပံ"ပညာကို အထူးပြုဘာသာအဖြစ် သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံရေးသိပ္ပံပညာရပ်ကို စနစ်တကျ လေ့လာလိုသူများအတွက် ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့အတိုင်းပဲ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှာ နိုင်ငံရေးဘာသာရပ်ကို အထူးပြုဘာသာရပ်အဖြစ် သင်ကြားပေးလျက်ရှိပါတယ်။ အခုဆိုရင် ပထမအသုတ်သင်ခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားများဟာ ယခုပညာသင်နှစ်မှာ မဟာတန်းကိုတောင် တက်ရောက်နိုင်ပြီဖြစ်ပါတယ်။

နိုင်ငံရေးသိပ္ပံ ဘာသာရပ်များရဲ့ သင်ရိုးများသည် ကျယ်ပြန့်ပါတယ်။ ခက်ခဲပါတယ်။ နက်နဲပါတယ်။ ဘာသာရပ်ကျွမ်းကျင်သော ပညာရှင်များ ထွက်ပေါ်လာစေရန်အတွက် သင်ကြားပြသပေးတဲ့ ဆရာ၊ ဆရာမများရဲ့ အတွေ့အကြုံနဲ့ အရည်အချင်းဟာ အထူးပဲအရေးကြီးပါတယ်။ ဒါကြောင့်မို့ သင်ကြားရေးမှာ ထိရောက်နိုင်စေရေးအတွက် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ဆရာ၊ ဆရာမများအား နိုင်ငံတကာတက္ကသိုလ်များသို့ ဦးစွာသင်တန်းများ တက်စေပြီးမှ ဆောင်ရွက်လျက်ရှိပါတယ်။ အခြားတက္ကသိုလ်များတွင်လည်း နိုင်ငံရေးသိပ္ပံဘာသာရပ်ကို အထူးပြုဘာသာရပ်အဖြစ် ဖွင့်လှစ်မည်ဆိုပါက အဓိကစဉ်းစားရမယ့်အချက်ဟာ ကျွမ်းကျင်သူ ဆရာ၊ ဆရာမ အလုံအလောက်မရှိခြင်း ဖြစ်ပါတယ်။

သို့ပါ၍ လက်ရှိအခြေအနေမှာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တွင်သာ ဖွင့်လှစ်ထားရှိပြီး နိုင်ငံရေးသိပ္ပံပညာရှင်များ၊ သင်ကြားရေး ဆရာ၊ ဆရာမများ အလုံအလောက် လေ့ကျင့်ရရှိပြီးမှသာ ဆက်လက်တိုးချဲ့ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် အခြားသော ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်အချို့တွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ ထပ်ဆင့်မေးထားတာတွေ့ပါတယ်။ ဒီလိုဆိုရင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှာ လက်ရှိဖွင့်လှစ်သင်ကြားနေတဲ့ သင်တန်းသားအရေအတွက်ကိုလည်း တိုးချဲ့လက်ခံပေးဖို့ မေးမြန်းထားတာတွေ့ပါတယ်။ ဒီအတွက်လည်း သက်ဆိုင်ရာ ပညာရေးအဖွဲ့များနှင့်ညှိနှိုင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဇုန်လှယ်ထန်း ရဲ့ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း အသစ်ဖွင့်လှစ်နိုင်ရန်အတွက် ဖလမ်းမြို့ မြို့မိ၊ မြို့ဖများမှ ၄-၄-၂၀၁၈ ရက်၊ ရက်စွဲပါစာဖြင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဖလမ်းမြို့သို့ တင်ပြခဲ့ပြီး အဆိုပါတင်ပြချက်ဟာ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ၁၁-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၄/၈-ဖ(၁၉)ဦး ၃ ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားလာတာဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းအကြောင်းကြားချက်အရ ဖလမ်းခရိုင်၊ ဖလမ်းမြို့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်းတစ်ကျောင်း၊ ဖွင့်လှစ်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေများ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖလမ်းမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်းဖွင့်လှစ်နိုင်ရန် ဖလမ်းမြို့ပြစီမံကိန်းဖြစ်သည့် လုံရန်း၊ လုံပီးတွင် မြေဧရိယာ (၃၀)ကေအား လျာထားနေသည်ဟု သိရပါတယ်။ ထိုသို့ လျာထားရာမှာ ပညာရေးဝန်ကြီးဌာနပိုင် မြေနေရာအဖြစ် အတည်ပြုသတ်မှတ်နိုင်ရေးကို ချင်းပြည်နယ်အစိုးရအဖွဲ့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အကယ်၍ မြေနေရာအတည်ပြုချက် သတ်မှတ်ရရှိပါက ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖလမ်းမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေများကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်မှစ၍ လျာထားတင်ပြတောင်းခံမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါ်နန်းမိုးမိုးထွေး ၏ မေးခွန်းဖြစ်သော ကရင် ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့၊ မဲသမူကျေးရွာအုပ်စု၊ ကရီးဖိုးကွီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (၁၂၀' x ၃၀')RC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။ ယခု ဘဏ္ဍာရေးနှစ်အတွက်တော့ ကိုယ်စားလှယ်တော်ကြီး မဲဆန္ဒနယ်ဖြစ်တဲ့ လှိုင်းဘွဲ့မြို့နယ်အတွင်း အန္တရာယ်ရှိ ကျောင်းဆောင်ဖျက်၍ အသစ်ဆောက်လုပ်ရန် (၅)ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ရန် (၄)ကျောင်း ဘဏ္ဍာငွေ သတ်မှတ်ပြီးဖြစ်ပါတယ်။

ဒီအတွက် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ လှိုင်းဘွဲ့မြို့နယ်၊ ကရီးဖိုးကွီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် တိုးချဲ့အသစ်ကျောင်းဆောင်များ ဆောက်လုပ်ရန်

လိုအပ်သော ရန်ပုံငွေများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မူလတန်းပြ (နေ့စားလပေး) လျှောက်လွှာခေါ်ယူပြီး မြို့နယ်အတွင်းရှိ နဝမတန်းအောင်၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရများ (၃၅၀၀)ကျော် လျှောက်ထားဖြေဆိုခဲ့ကြသော်လည်း ၂၀-၂-၂၀၁၉ ရက်နေ့အထိ ခန့်ထားခြင်းမရှိတဲ့အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မတိုင်မီ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးရဲ့ အစီအစဉ်နဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် မူလတန်းပြဆရာ လိုအပ်မှုရှိခြင်းကြောင့် သင်ကြားရေးအထောက်အကူပြု (နေ့စာလပေး)များ ဖြည့်ဆည်းခန့်ထားပေးရန် ပလက်ဝမြို့နယ်အတွင်းရှိ နဝမတန်းအောင်၊ တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ရဒေသခံများ လျှောက်လွှာခေါ်ယူခြင်း စိစစ်ရွေးချယ်ခြင်းများ၊ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ပလက်ဝမြို့နယ်အတွင်းရှိ (နေ့စားလပေး) လျှောက်ထားသူပေါင်းအနက်မှ (၁၉၁)ဦးကို စိစစ်ရွေးချယ် ခန့်ထားပေးရန် ချင်းပြည်နယ်ပညာရေးမှူးရုံးမှ ၁၀-၇-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ဌာနစု (၁-ခ)/၁၀၉/၂၀၀၃/T.A (၁၈)ဖြင့် အခြေခံပညာဦးစီးဌာနသို့ တင်ပြထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ စိစစ်ထားသူများကို (နေ့စားလပေး) ခန့်ထားရေးအတွက် ဆောင်ရွက်ရာမှာ ရန်ပုံငွေခွင့်ပြုချက်ရှိရန် လိုပါတယ်။ ပလက်ဝမြို့နယ်အတွင်း အမှန်လိုအပ်မှုဖြစ်ရန် လိုပါတယ်။ ဒီအချက်တွေကို စိစစ်ပြီးမှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင် အခြေခံပညာမူလတန်းလွန်ကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍ (၉၀'x၃၀') RC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

အခုလာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကိုယ်စားလှယ်တော်ကြီး မဲဆန္ဒနယ် သထုံမြို့နယ်အတွင်း အန္တရာယ်ရှိ ကျောင်းဆောင်များကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ရန် ကျောင်း(၁)ကျောင်း ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ရန် ကျောင်းဆောင်သစ် (၆)ကျောင်း၊ သိပ္ပံဆောင် ဆောက်လုပ်ရန် ကျောင်းဆောင်သစ်(၁)ကျောင်း၊ စာကြည့်တိုက် ဆောက်လုပ်ရန် ကျောင်းဆောင်သစ် (၁)ကျောင်း၊ အားကစားရုံဆောက်လုပ်ပေးရန် ကျောင်း(၁)ကျောင်း၊ စုစုပေါင်း (၁၀)ကျောင်း လျာထားပြီးဖြစ်ပါတယ်။ ယခုကိုယ်စားလှယ်တော်ကြီး တင်ပြသည့် မရမ်းချောင်အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၉၀'x၃၀') RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လိုအပ်သော ရန်ပုံငွေများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်အိအိပြုံး၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုတဲ့အတွက် ကျေးဇူးအထူးပဲ တင်ရှိပါတယ်ရှင်။ ဝန်ကြီးခုနက ဖြေသွားတဲ့အထဲမှာ KG ဆရာမ သီးသန့် ဆရာ၊ သီးသန့် မထားဘူးဆိုလို့ရှိရင် KG သင်ရိုးသစ်ကို စတင်သင်တန်းပေးစဉ် ကာလကတည်းကိုက တစ်ကျောင်းမှာ တစ်ယောက်သာ တက်ခွင့်ရခဲ့တာဖြစ်တဲ့အတွက် မူလတန်းပြ ဆရာ၊ ဆရာမများအားလုံးကို KG သင်ရိုးသစ်အတွက် ထပ်မံသင်တန်းပေးရန် အစီအစဉ် ရှိ/မရှိကို လည်း သိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်တော်ကြီး ခင်ဗျား။ ကျွန်တော်ပြီးခဲ့တဲ့ တင်ပြချက်မှာလည်း ပါ ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံမှာတော့ KG ဆရာမအဖြစ် ဖွဲ့စည်းပုံတောင် မရှိပါဘူး။ ဒီအထဲကမှ KG သင်တန်းမှာ သင်ကြားမယ့် လိုအပ်ချက် အရ မူလတန်းပြ ဆရာ၊ ဆရာမများကို KG သင်တန်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၂ - ၁၂ - ၂၀၁၈ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၂၇-၂-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့ ၃၀-၁၀-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာကော်မတီ)က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၇-၉-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်

က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃၀ - ၅ -၂၀၁၉ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁:၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]